Panasonic®

# အသုံးပြုပုံနှင့်တပ်ဆင်ခြင်း လမ်းညွှန်ချက်များ

## လျှော်ခြင်း၊ညှစ်ခြင်းတစ်ကန်ထဲတွင်ပြုလုပ်နိုင်သော အလိုအလျောက်အဝတ်လျှော်စက်

## (အိမ်တွင်သုံးရန်သာ)

(မော်ဒယ်နံပါတ်)၊ **NA-F100A2**



## မာတိကာ


| | |
|---|---|
| ဘေးကင်းလုံခြုံရေးဆိုင်ရာကြိုတင်သတိပေးချက်များ | ၂ |
| အစိတ်အပိုင်းအမည်များ | ၃ |
| အသုံးပြုပုံမျက်နှာပြင် | ၄ |
| အစီအစဉ်အမျိုးမျိုး | ၅ |
| ဆပ်ပြာမှုန့်/အစွန်းချွတ်ဆေး/အဝတ်ပျော့ဆေး | ၆ |
| အဝတ်လျှော်ခြင်း | ၇ |
| အဝတ်လျှော်ခြင်းအတွက်ရွေးချယ်စရာများ<br>• နူးညံ့သောအဝတ်များကိုလျှော်ဖွတ်ခြင်း<br>• စောင်လျှော်ခြင်း<br>• အလွန်အကျုံလျှော်ဖွတ်ခြင်း<br>• လေဖြင့်အခြောက်ခံခြင်း<br>• လျှော်ဖွတ်ခြင်း/ရေဖြင့်ထပ်မံဆေးကြောခြင်း/အဝတ်များလှည့်၍မွှေခြင်း | ၈ |
| အလွယ်တကူအသုံးပြုနိုင်သောဖန်ရှင်များ | ၁၀ |
| ပြုပြင်ထိန်းသိမ်းခြင်း | ၁၀ |
| စက်တပ်ဆင်ခြင်း | ၁၂ |
| ပြဿနာရှာဖွေဖြေရှင်းခြင်း | ၁၄ |
| အများဖော်ပြချက် | ၁၅ |
| အသေးစိတ်အချက်အလက်များ | ၁၅ |


ဤစက်အားဝယ်ယူအားပေးသည့်အတွက်ကျေးဇူးတင်ပါသည်။

–ကောင်းမွန်စွာဆောင်ရွက်နိုင်ရန်နှင့်ဘေးကင်းလုံခြုံရေးအတွက်စက်အားအသုံးမပြုမီအောက်ပါလမ်းညွှန်ချက်များကိုဂရုတစိုက်ဖတ်ပါ။

–နောင်တွင်အသုံးပြုနိုင်ရန်ဤလမ်းညွှန်စာအုပ်ကိုသိမ်းဆည်းထားပါ။

# ဘေးကင်းလုံခြုံရေးဆိုင်ရာ သတိပေးချက်များ

အောက်ပါဘေးကင်းလုံခြုံရေးဆိုင်ရာ ကြိုတင်သတိပေးချက်များ

## ⚠ အရေးကြီးသတိပေးချက်




### ပလပ်ခေါင်းနှင့်မီးကြိုးနှင့် ပတ်သက်၍ အောက်ပါအချက်များကို ဘယ်သော အခါမှ မလုပ်ပါနှင့်။

( မီးလောင်ခြင်း (သို့) လျှပ်စစ်ရှော့ခ် ဖြစ်ခြင်းကို ကာကွယ်ရန် )

- မီးကြိုးကို ရေစိုသော လက်ဖြင့် ပလပ်ထိုးခြင်း (သို့) ဖြုတ်ခြင်း မပြုလုပ်ပါနှင့်။
- ပလပ်ခေါင်းကို ပလပ်ခုံမှ ဖြုတ်သည့်အခါ မီးကြိုးမှ ဆွဲမဖြုတ်ပါနှင့်။
- ပျက်စီးနေသော မီးကြိုး (သို့) ပလပ်ခေါင်းကို အသုံးမပြုပါနှင့်။
  အကယ်၍ မီးကြိုးပျက်စီးလျှင် ထုတ်လုပ်သူ၊ ၎င်း၏ ဆားဗစ်အေးဂျင့် (သို့) ကျွမ်းကျင် သော ပညာရှင်များဖြင့် လဲလှယ်ပါ။

### ပလပ်ခေါင်းနှင့်မီးကြိုးနှင့် ပတ်သက်၍ အောက်ပါ အချက်အလက်များကို လိုက်နာပါ။

( မီးလောင်ခြင်း (သို့) လျှပ်စစ်ရှော့ခ် ဖြစ်ခြင်းကို ကာကွယ်ရန် )

- ဤစက်အတွက် တစ်ခုတည်းသော အဆင့်သတ်မှတ်ချက် လိုအပ်မှုကို ဖြည့်ဆည်းပေး နိုင်မည့် ပလပ်ခုံကို အသုံးပြုပါ။ ပလပ်ခေါင်းကြားဆက်ကိရိယာ (သို့) မီးကြိုးအပိုကို အသုံးမပြုပါနှင့်။
- ပလပ်ခေါင်းကို ပလပ်ခုံတွင် အမြဲအပြည့်အဝ ထိုးထည့်ပါ။
- ပလပ်ခေါင်းကို အဝတ်ခြောက်ဖြင့် ပုံမှန်သုတ်ပါ။
  ( စုပုံလာသော ဖုန်မှုန့်များကြောင့် အစိုဓာတ်များ ဖြစ်လာ၍ လျှပ်ကာပစ္စည်းကို ပြတ် တောက်စေခြင်း၊ မီးလောင်ခြင်းဖြစ်စေနိုင်ပါသည်။ )
- စက်အားမသန့်ရှင်းမီ   မီးကြိုးအား ဖြုတ်ပါ။

### စက်ကို ကိုယ်တိုင်ဖြုတ်ခြင်း၊ ပြင်ဆင်ခြင်း (သို့) ပြုပြင်ခြင်း မပြုလုပ်ပါနှင့်။

- စက်ချို့ယွင်းခြင်း (သို့) ပြတ်တောက်ခြင်းဖြစ်ပါက စက်အသုံးပြုမှုအား ချက်ချင်း ရပ် တန့်၍ မီးကြိုးကိုဖြုတ်ကာ စက်ပြင်ဆင်ရန်အတွက် အနီးဆုံးဆားဗစ်စင်တာတွင် မေးမြန်းစုံစမ်းပါ။

### ကလေးများအား အဝတ်လျှော်စက်ကို ကိုယ်တိုင် အသုံးမပြုပါစေနှင့်။

- ဤစက်သည် ကလေးများအပါအဝင် ရုပ်ပိုင်းဆိုင်ရာ၊ အမြင်အာရုံဆိုင်ရာ (သို့) စိတ်ပိုင်း ဆိုင်ရာ အားနည်းသူများ၊ ဘေးကင်းလုံခြုံမှုအတွက် တာဝန်ရှိသူ၏ စက်အသုံးပြုမှုနှင့် ပတ်သက်၍ လမ်းညွှန်ချက်မရသော အတွေ့အကြုံနှင့် ဗဟုသုတနည်းသူများ အသုံး မပြုပါနှင့်။
- ကလေးများအား စက်နှင့် ဆော့ကစားခြင်း မပြုစေရန် ကြီးကြပ်သင့်သည်။

### မီးနှင့်ဝေးသော နေရာတွင် ထားပါ။ မီးလောင်လွယ်သည့်အရာဝတ္ထုများ (သို့) အဝတ်ထည့်သည့်ကန်တွင် ကပ်နိုင်သည့် အရာများ ပါဝင်သော အဝတ်အစား များကို စက်ထဲသို့ မထည့်ပါနှင့်။ ထိုအရာများကို စက်နှင့် ဝေးဝေးတွင်ထားပါ။

( ပေါက်ကွဲခြင်း (သို့) မီးလောင်ခြင်းကို ကာကွယ်ရန် )

- ဥပမာ – ရေနံဆီ၊ ဓာတ်ဆီ၊ ဘန်ဇင်း / တင်နာ၊ အရက်ပြန် အစရှိသည်။

### အဝတ်ထည့်သည့်ကန် လုံးဝရပ်သွားသည်အထိ ၎င်းကို မထိပါနှင့်။

( အန္တရာယ်ဖြစ်မှုကို ကာကွယ်ရန် )

- အဝတ်ထည့်သည့်ကန်လည်နေသည့် လုပ်ငန်းစဉ်အတွင်း စက်အဖုံးကို ဖွင့်သည့်အခါ အဝတ်ထည့်သည့်ကန်သည် ၁၅ စက္ကန့်အတွင်းမရပ်ပါက စက်ကို ချက်ချင်း ပိတ်၍ ဝန်ဆောင်မှုပေးသော ဝန်ထမ်းအား ဆက်သွယ်ပါ။

### မြေစိုက်ကြိုးတစ်ကြိုးတပ်ဆင်ပါ။

( လျှပ်စစ်ပတ်လမ်းတိုခြင်းကြောင့် လျှပ်စစ်ရှော့ခ် ဖြစ်ခြင်းမှ ကာကွယ်ရန် )

- မြေစိုက်ကြိုးတပ်ဆင်ရန် ဝန်ဆောင်မှုပေးသော ဝန်ထမ်းအား မေးမြန်းစုံစမ်းပါ။
- ပင်နှစ်ပင်ပါသော မီးကြိုးဖြစ်ပါက မြေစိုက်ကြိုးတစ်ကြိုးကို တပ်ဆင်ပါ။

### သံလိုက်များနှင့် သံလိုက်ဓာတ်ပါသော အရာဝတ္ထုများကို အသုံးပြုမှု မျက်နှာ ပြင်နှင့် ဝေးဝေးတွင်ထားပါ။

အဝတ်ထည့်သည့်ကန် အဖုံးဖွင့်ထားသည့် အချိန်တွင်ပင် လည်နိုင်သောကြောင့် အန္တရာယ် ဖြစ်နိုင်ပါသည်။

# အစိတ်အပိုင်းအမည်များ

## ⚠ သတိပေးချက်



အန္တရာယ်ဖြစ်မှု (သို့) ပစ္စည်းဥစ္စာ
ပျက်စီးဆုံးရှုံးမှုကို ဖြစ်စေနိုင်ပါသည်။

**ရေစိုခံသော အိပ်ယာခင်းများ (သို့) အဝတ်များကို လျှော်ဖွတ်ခြင်း၊ ရေဖြင့်ထပ်မံဆေးခြင်း (သို့) စက်တွင်ထည့်၍မွှေခြင်း မပြုလုပ်ပါနှင့်။**

(အကယ်၍ စက်လည်နေစဉ် စက်ပြုတ်ကျခြင်း (သို့) အလွန်အကျွံတုန်ခါခြင်းဖြစ်ပါက အန္တရာယ်ဖြစ်မှု၊ စက်၊ နံရံများ၊ ကြမ်းပြင် (သို့) လျှော်ထားသည့် အဝတ်အထည်များ ပျက်စီးခြင်းကို (သို့) ရေယိုစိမ့်ခြင်းကို ကာကွယ်ရန်)

- မိုးကာအင်္ကျီများ၊ စိုနေသောအဝတ်များ အစရှိသဖြင့်။

**အောက်ပါတို့ကို လိုက်နာပါ။**

- **အဝတ်လျှော်စက်အားတိုက်ရိုက်နေရောင်ခြည်(သို့)အပူနှင့်ဝေးဝေးတွင်ထားပါ။ (စက်ချွတ်ယွင်းခြင်း(သို့)ပုံပျက်ခြင်းမှကာကွယ်ရန်)**
- စက်တွင် ထောက်ပံ့ထားသော ရေပိုက် အသစ်များကိုသာ သုံး၍ ရေပိုက်အဟောင်းများကို အသုံးမပြုပါနှင့်။
- စက်အဖုံးကို ဖွင့်ခြင်းနှင့် ပိတ်ခြင်း ပြုလုပ်သည့်အခါ လက်ချောင်းများ မညပ်မိစေရန် သတိပြုပါ။
- စက်အောက်တွင် လက်များနှင့် ခြေထောက်များကို မထည့်ပါနှင့်။ (စက်လည်နေသည့် အစိတ်အပိုင်းများကြောင့် အန္တရာယ်ဖြစ်မှုကို ကာကွယ်ရန်)
- စက်ပေါ်သို့တက်ခြင်း၊ လေးလံသောပစ္စည်းများတင်ခြင်း မပြုလုပ်ပါနှင့်။ (အန္တရာယ်ဖြစ်စေနိုင်သော ပုံပျက်ခြင်း (သို့) ကျိုးပဲ့ခြင်း တို့ကို ကာကွယ်ရန်)
- စက်အဖုံးပျက်စီးသွားပါက စက်အသုံးပြုမှုကို ချက်ချင်းရပ်တန့်လိုက်ပါ။ (အန္တရာယ်ဖြစ်စေနိုင်သော ပုံပျက်ခြင်း (သို့) ကျိုးပဲ့ခြင်း တို့ကို ကာကွယ်ရန်)
- ရေပူပေးသည့် စနစ်နှင့် မချိတ်ဆက်ပါနှင့်။
- ရေပူကို ၅၀ ဒီဂရီစင်တီဂရိတ် (သို့) ၅၀ ဒီဂရီစင်တီဂရိတ် ထက်ပို၍ အဝတ်ထည့်သည့် ကန်ထဲသို့ တိုက်ရိုက်မလောင်းထည့်ပါနှင့်။
- စက်၏အောက်ခြေမျက်နှာရှိ အပေါက်များကို ကော်ဇော အစရှိသဖြင့် မပိတ်ဆို့ပါနှင့်။

**စက်ကိုအသုံးပြုပြီးနောက် ရေဘုံပိုင်ခေါင်းကို ပိတ်ပါ။**

(ရေယိုစိမ့်ခြင်းကို ကာကွယ်ရန်)

**ဤစက်သည် အဝတ်လျှော်စက်တွင် အမှတ်တံဆိပ်ကပ်ထားသည့် လျှော်ဖွတ်နိုင်သော အထည်အလိပ်များအတွက်သာ သင့်လျော်သည်။**







### တွဲဖက်ပစ္စည်းများ

- ရေပေးသွင်းသည့် ပိုက်(၁)



- အလျား ： ၁မီတာ

- ရေပိုက်ခေါင်း ကြားဆက်ပစ္စည်း(၁)



- ပြင်ပရေဆင်းသည့် ပိုက်(၁)



- အောက်ခံအဖုံး(၁)



- မူလီ(၂) အောက်ခံအဖုံးအတွက်



# အသုံးပြုပုံမျက်နှာပြင်

## ရေပမာဏကိုပြောင်းခြင်း

လျှော်ဖွတ်သည့်လုပ်ငန်းစဉ်အတွင်း ရေပမာဏကိုပြောင်းရန် "Water Level" ကိုနှိပ်ပါ။

- အချို့သောရေပမာဏများသည် အစီအစဉ်ပေါ်မူတည်၍မရွေးချယ်နိုင်ပါ။
- အဝတ်လျှော်နေသည့်လုပ်ငန်းစဉ်အတွင်းသာရေပမာဏကိုစစ်ဆေးရန် "Water Level" ကိုနှိပ်ပါ။

## ရေပမာဏ/ကျန်ရှိသည့်အချိန်




စတင်လည်ပတ်ပြီးနောက်လျှော်ရမည့်အဝတ်ပမာဏအရရေပမာဏကိုညွှန်ပြသည်။




ခန့်မှန်းခြေ၅စက္ကန့်ကြာပြီးနောက်ကျန်ရှိသည့်အချိန် (မိနစ်)ခန့်မှန်းခြေကိုပြသည်။

## ရေအမြင့်/ရေပမာဏများ

| အဆင့် | မြင့် ၁၀–၈ | | | အလယ် ၇–၅ | | | နိမ့် ၄–၂ | | | အလွန်နိမ့် ၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဆပ်ပြာမှုန့် | (2 cups) | | | (1 cup) | | | (1 cup) | | | (1 cup) |
| ရေပမာဏ (လီတာ) | ၇၂ | ၆၉ | ၆၅ | ၅၁ | ၄၇ | ၄၃ | ၃၈ | ၃၃ | ၂၇ | ၁၄ |

* : ဆပ်ပြာမှုန့်ခွက်၁ခွက်

- "အလွန်နိမ့်" မှလွဲ၍ရေအမြင့်တစ်ခုချင်းစီတွင်"Water Level" ကိုနှိပ်ခြင်းဖြင့်မီးလင်းလာသည့်အခါပြောင်းလဲနိုင်သောရေပမာဏရွေးချယ်မှုသုံးခုရှိသည်။




လေဖြင့်အခြောက်ခံခြင်း (စာမျက်နှာ–၉)

ကလေးလုံခြုံရေးဆိုင်ရာလော့ခ် (စာမျက်နှာ–၁၀)

စတင်ခြင်း/ခေတ္တရပ်ခြင်း

အလွန်အကျွံလျှော်ခြင်း(စာမျက်နှာ–၈)

အစီအစဉ်ရွေးချယ်ခြင်း (စာမျက်နှာ–၅)

ပါဝါအပိတ်/အဖွင့်

## လုပ်ငန်းစဉ်ချိန်ညှိချက်များကိုပြောင်းလဲခြင်း

လျှော်ဖွတ်ခြင်း၊ရေဖြင့်ထပ်မံဆေးကြောခြင်းနှင့်အဝတ်များကိုပတ်ချာလည်လှည့်၍မွှေခြင်းလုပ်ငန်းစဉ်များကိုပေါင်းစပ်ခြင်းနှင့်သီးခြားလုပ်ငန်းစဉ်တစ်ခုအတွက်အချိန်ကြာမြင့်စွာ(သို့)အကြိမ်အရေအတွက်ကိုပြောင်းလဲပါ။(စာမျက်နှာ–၉)




မီးလင်းသည်

မှိန်ချည်လင်းချည်ဖြစ်သည်(လုပ်ဆောင်ဆဲ)

- စတင်လည်ပတ်ပြီးနောက်လျှော်ဖွတ်ထားသည့်လုပ်ငန်းစဉ်အတွင်း"Start / Pause" ကိုနှိပ်ခြင်းဖြင့်ချိန်ညှိချက်များကိုပြောင်းနိုင်သည်။

## ကြိုတင်ချိန်ညှိခြင်း

လျှော်ဖွတ်ခြင်းပြီးဆုံးရန်အချိန်ကိုချိန်ညှိပါ။(နာရီများဖြင့်)။( ⏲ လင်းလာမည်)




ဥပမာ.) ၈ နာရီကြာပြီးနောက်

- ချိန်ညှိနှုန်း : ၂–၂၄နာရီကြာပြီးနောက်တစ်နာရီစီတိုးပါ။(ပါဝါဖြင့်လျှော်ဖွတ်ခြင်း+ရေစိမ်ခြင်းအစီအစဉ်အတွက်၃–၂၄နာရီကြာပြီးနောက်)
- အောက်ပါအစီအစဉ်များအတွက်အသုံးမပြုနိုင်ပါ။ နူးညံ့သောအဝတ်များကိုလျှော်ဖွတ်ခြင်း၊အနံ့မွှေးအောင်လုပ်ခြင်း၊စောင်လျှော်ခြင်း၊အဝတ်ထည့်သည့်ကန်သန့်ရှင်းခြင်း၊လေဖြင့်အခြောက်ခံခြင်း

### မှတ်ချက်

- စက်အသုံးပြုနေစဉ်လျှပ်စစ်ပြတ်တောက်မှုဖြစ်လျှင် လျှပ်စစ်ဓာတ်အားပြန်လည်ရရှိသည့်အချိန်တွင်စက်ရပ်သွားသည့်နေရာမှဆက်လက်လည်ပတ်လိမ့်မည် (အလိုအလျောက်ပြန်စတင်သည်)။
- အကယ်၍ပါဝါဖွင့်ပြီးနောက်၁၀မိနစ်အတွင်း "Start / Pause" ကိုမနှိပ်လျှင်ပါဝါသည် အလိုအလျောက်ပိတ်သွားမည်။

# အစီအစဉ်အမျိုးမျိုး

| ရည်ရွယ်ချက် | | အစီအစဉ် | အများဆုံးဝင်ဆံ့မှုပမာဏ |
|---|---|---|---|
| **နေ့စဉ်အဝတ်အစားများ**  | နေ့စဉ်လျှော်ဖွတ်ခြင်း | **ပုံမှန်လျှော်ဖွတ်ခြင်း** (စာမျက်နှာ ၇) | ၁၀.၀ ကီလိုဂရမ် |
| **စွပ်အင်္ကျီနှင့်အချိန်ခြွေတာခြင်း** * ပုံမှန်အစီအစဉ်၏သုံးစွဲရမည့်လျှပ်စစ်ပမာဏကို ၅ရာခိုင်နှုန်း လျှော့ချပေးသည်။ | အစွန်းအထင်းနည်းသောအဝတ်များအတွက်အရှိန်မြင့်၍လျှော်ဖွတ်ခြင်း | **စွပ်အင်ခြွေတာခြင်း (ရှိန်နှုန်းမြင့်)** (စာမျက်နှာ ၇) | ၁၀.၀ ကီလိုဂရမ် |
| **နူးညံ့သောအဝတ်များ**  | နူးညံ့သောအဝတ်များကိုညင်သာစွာ လျှော်ဖွတ်ခြင်း | **နူးညံ့သောအဝတ်များကို လျှော်ဖွတ်ခြင်း** (စာမျက်နှာ ၈) | ၄.၂ ကီလိုဂရမ် |
| **ကလေးများနှင့်ထိခိုက်လွယ်သော အသားအရည်ရှိသူတို့အတွက်အဝတ်များ** | ရေသေချာဆေးကြောခြင်း | **ကလေးအတွက်ဂရုစိုက်ခြင်း** (စာမျက်နှာ ၇) | ၁၀.၀ ကီလိုဂရမ် |
| **အဝတ်ပျော့ဆေးကိုပိုမို၍သုံးခြင်း** | အနံ့ပိုပြင်းအောင်လုပ်ခြင်း | **အနံ့မွှေးအောင်လုပ်ခြင်း** (စာမျက်နှာ ၇) | ၁၀.၀ ကီလိုဂရမ် |
| **စောင်များ**  | | **စောင်လျှော်ခြင်း** (စာမျက်နှာ ၈) | ၄.၂ ကီလိုဂရမ် |
| **အလွန်ညစ်ပေစွန်းထင်းနေသောအဝတ်များ** | ကြိုတင်ရေစိမ်ပြီးနောက်အားပြင်းသောပတ်ချာလည်စီးနေသည့်ရေဖြင့်လျှော်ဖွတ်ခြင်း | **ပါဝါဖြင့်လျှော်ဖွတ်ခြင်း+ရေစိမ်ခြင်း** (စာမျက်နှာ ၇) | ၁၀.၀ ကီလိုဂရမ် |
| **အလွန်အကျုံလျှော်ဖွတ်ခြင်း** * လျှော်ဖွတ်ခြင်းနှင့်ရေဖြင့်ထပ်မံဆေးကြောခြင်းလုပ်ငန်းစဉ်တွင်ရေအမြောက်အမြားသုံးခြင်းနှင့်ရေအပြည့်ဖြင့်နှစ်ခါထပ်မံဆေးကြောခြင်း | | **အလွန်အကျုံလျှော်ဖွတ်ခြင်း** (စာမျက်နှာ ၈) | ၁၀.၀ ကီလိုဂရမ် |
| **အဝတ်ထည့်သည့်ကန်သန့်ရှင်းခြင်း** | အမဲရောင်မှိုတက်ခြင်းနှင့်အနံ့ထွက်ခြင်းမှကာကွယ်ခြင်း | **လေဖြင့်အခြောက်ခံခြင်း** (စာမျက်နှာ ၁၁) **အဝတ်ထည့်သည့်ကန်သန့်ရှင်းခြင်း** (စာမျက်နှာ ၁၁) | — |
| | အကယ်၍အမဲရောင်မှိုတက်ခြင်းနှင့်အနံ့ထွက်ခြင်းဖြစ်ပါက | **အဝတ်ထည့်သည့်ကန်သန့်ရှင်းခြင်း** (စာမျက်နှာ ၁၁) | — |
| **လုပ်တီးထားသောဖိုင်ဘာဖြင့်ပြုလုပ်ထားသည့်အဝတ်များ** | | **လေဖြင့်အခြောက်ခံခြင်း** (စာမျက်နှာ ၉) | ၂.၀ ကီလိုဂရမ် |

## လျှော်ရမည့်အဝတ်များကိုပြင်ဆင်ခြင်းနှင့် စစ်ဆေးခြင်း

**အလွယ်တကူအရောင်ကျွတ်လွယ်သော အဝတ်အထည်များအတွက်**

**သီးသန့်လျှော်ပါ။**



### အဝတ်မလျှော်မီစစ်ဆေးခြင်း

**အဝတ်အထည်ပျက်စီးခြင်း၊ စက်ချွတ်ယွင်းခြင်း ရေစီးမှုပြတ်တောက်ခြင်းကို ကာကွယ်ရန်။**

- ဒင်္ဂါးများ၊ ပင်များ၊ စက္ကူကလစ်များ၊ လက်သည်းများကို ဖယ်ပါ။
- ကြယ်သီးများကို တပ်၍ ဇစ်များကို ပိတ်ပါ။
- လျှော်ရမည့် အဝတ်များမှလွဲ၍ အခြားအရာများ ( စက္ကူပိတ်စကဲ့သို့ ) ကို မလျှော်ပါနှင့်။
- အဝတ်များ၏ ကွာကျလွယ်သော မျက်နှာပြင်ရှိသည့် ဘက်ကို ပြောင်းပြန်လှန်ထားပါ။
- တိရိစ္ဆာန်နှင့် လူတို့၏ အမွေးများ၊ သဲများအစရှိသည့်တို့ကိုဖယ်ရန် ဘရက်ရှ်ကို သုံးပါ။
- အင်္ကျီကြိုးများကို ချည်ပါ။

**နူးညံ့သောအတွင်းခံများအတွက်သာ**

### အဝတ်ထည့်သည့် အိတ်များကို အသုံးပြုပါ။

- အတွင်းဘရာစီယာများ။
- ဇာအင်္ကျီများ၊ အမျိုးသမီးအတွင်းခံနှင့်ခြေအိတ်ရှည်များ။

**အိတ်ကို အသုံးပြုသည့်အခါ**

- အလွန်အကျုံမထုတ်ပိုးပါနှင့်။
- အိတ်အဖုံးအတွင်းသို့ ဇစ်ဆွဲတံကို ဆွဲပါ။ ( အဝတ်အစားများနှင့် စက်ကို မပျက်စီးခြင်းကို ကာကွယ်ရန် )
- လေဖြင့်အခြောက်ခံသည့်အစီအစဉ်ကို မသုံးပါနှင့်။ ( ကောင်းမွန်စွာ မခြောက်သွေ့ခြင်း၊ အတွန့်အကြောင်းများဖြစ်ခြင်းမှကာကွယ်ရန် )

# ဆပ်ပြာမှုန့်/အစွန်းချွတ်ဆေး/အဝတ်ပျော့ဆေး

**ဖော်ပြထားသောရေပမာဏအရဆပ်ပြာမှုန့်၊အစွန်းချွတ်ဆေးနှင့်အဝတ်ပျော့ဆေးကိုထည့်ပါ။**

- ထုပ်ပိုးမှုတစ်ခုစီပေါ်ရှိလမ်းညွှန်ချက်များကိုလိုက်နာပါ။

■ အဝတ်ပျော့ဆေးထည့်သည့်အကန့်



■ ဆပ်ပြာမှုန့်ထည့်သည့်အပေါက်
ဆပ်ပြာမှုန့်/အစွန်းချွတ်ဆေး



- ဆပ်ပြာမှုန့်ထည့်သည့်အပေါက်ထဲသို့ဆပ်ပြာမှုန့်အားထည့်ရန်ခက်ပါကအဝတ်ထည့်သည့်ကန်ကိုလက်ဖြင့်လှည့်ပါ။(စာမျက်နှာ-၁၀)
- ဆပ်ပြာမှုန့်ထည့်သည့်အပေါက်၏အဖုံးသည်ပွင့်ကျလာသည့်အခါ



## ဆပ်ပြာမှုန့်ထည့်ခြင်း

**ဆပ်ပြာမှုန့်ကိုအဝတ်ထည့်သည့်ကန်ထဲသို့တိုက်ရိုက်မထည့်ပါနှင့်။**
ဆပ်ပြာမှုန့်သည်အရည်မပျော်ဘဲရှိနိုင်ပါသည်။



- ဆပ်ပြာမှုန့်အမြှုပ်ထမှုအဆင့်သည်ထည့်ထားသောအဝတ်ပမာဏ၊အစွန်းအထင်းပမာဏ၊ဆပ်ပြာမှုန့်အမျိုးအစားနှင့်ရေစေးခြင်းကဲ့သို့အခြေအနေပေါ်တွင်မူတည်ပါသည်။

## အစွန်းချွတ်ဆေးထည့်ခြင်း

- အရောင်ရှိသောအဝတ်များအရောင်မလွင့်စေရန်အတွက်ကလိုရင်းပါသောအစွန်းချွတ်ဆေးကိုအသုံးမပြုပါနှင့်။
- ကလိုရင်းပါသောအစွန်းချွတ်ဆေးကိုအသုံးပြုပြီးနောက်အစွန်းချွတ်ဆေးမထည့်ဘဲအဝတ်ထည့်သည့်ကန်သန့်ရှင်းသည့်အစီအစဉ်ဖြင့်အဝတ်ထည့်သည့်ကန်ကိုဆေးကြောပါ။(စာမျက်နှာ-၁၁)
- နူးညံ့သောအဝတ်များကိုလျှော်ဖွပ်သည့်အစီအစဉ်အတွက်အစွန်းချွတ်ဆေးကိုအသုံးမပြုပါနှင့်။

## အဝတ်ပျော့ဆေးကိုထည့်ခြင်း

- အဝတ်ပျော့ဆေးအရည်ဝင်ဆံ့သောပမာဏသည်ခန့်မှန်းခြေ ၇၀ မီလီမီတာဖြစ်သည်။ အဝတ်ပျော့ဆေးအရည်များထပ်ထည့်ရန် "အနံ့မွှေးအောင်လုပ်သည့်" အစီအစဉ်ကိုအသုံးပြုသင့်သည်။(စာမျက်နှာ -၇)
- စက်လည်ပတ်နေစဉ်အဝတ်ပျော့ဆေးထည့်ရန်ရှေးဦးစွာ"Pause" ကိုနှိပ်ပါ။
- အဝတ်ပျော့ဆေးထည့်ပြီးနောက်အဖုံးကိုသေချာစွာပိတ်ပါ။
- အားပြင်းသောအဝတ်ပျော့ဆေးကိုအသုံးပြုသည့်အခါစက်ထဲသို့မထည့်မီရေတွင်ဖျော်ပါ။
- အဝတ်ပျော့ဆေးသည်နောက်ဆုံးအဆင့်ရေဖြင့်ထပ်မံဆေးကြောသည့်လုပ်ငန်းစဉ်တွင်အလိုအလျောက်ကျလာမည်။




မှတ်ချက်

- သီးခြားဖြစ်နေသော(သို့)ခဲနေသောအဝတ်ပျော့ဆေးကိုအသုံးမပြုပါနှင့်။

# အဝတ်လျှော်ခြင်း

**ပြင်ဆင်ချက် :**

- အဝတ်လျှော်စက်အားကောင်းမွန်စွာတပ်ဆင်ထားခြင်းရှိမရှိစစ်ဆေးပါ။(စာမျက်နှာ-၁၂)
- ရေဘုံပိုင်ခေါင်းကိုဖွင့်ပါ။




## ၁

လျှော်ရမည့်အဝတ်များကိုထည့်ပြီးနောက်

ปิด/เปิด Off/On **ပါဝါကိုဖွင့်ပါ။**

- ပါဝါဖွင့်သည့်အခါပုံမှန်အစီအစဉ်ကိုရွေးချယ်ပေးသည်။

## ၂

โปรแกรม Program **အစီအစဉ်ကိုရွေးချယ်ပါ။ (စာမျက်နှာ.၅)**

အလိုရှိသောအစီအစဉ်သည်မီးလင်းလာသည်အထိခလုတ်ကိုထပ်ခါထပ်ခါနှိပ်ပါ။

ซักล้างทรงพลัง Extreme Wash

■ တိုင်မာကိုကြိုတင်ချိန်ညှိခြင်း

## ၃

เริ่ม หยุดชั่วคราว **စတင်ပါ။**

အဝတ်များကိုပတ်ချာလည်လှည့်၍မွှေသည့်အရာသည်ရေမပါဘဲနှင့်လည်းလည်ပတ်နိုင်၍လျှော်ရမည့်အဝတ်ပမာဏကိုတိုင်းတာပေးသည်။(ခန့်မှန်းခြေ၅စက္ကန့်)

▼

**ရေပမာဏညွှန်ပြချက်** (ခန့်မှန်းခြေစက္ကန့်)

▼

ကျန်ရှိသည့်အချိန်ညွှန်ပြချက်
- ရေပမာဏကိုစစ်ဆေးရန် → "Water Level" ကိုနှိပ်ပါ။

■ **"Start"ကိုနှိပ်ပြီးနောက်**

- လျှော်ဖွတ်သည့်လုပ်ငန်းစဉ်ပြီးဆုံးသည်အထိရေအမြင့်ကိုပြောင်းလဲနိုင်သည်။
- လျှော်ဖွတ်သည့်လုပ်ငန်းစဉ်ပြီးဆုံးသည်အထိ "Wash", "Rinse" နှင့် "Spin" ဟူသည့်လည်ပတ်သည့်အမျိုးအစားများထဲမှတစ်ခုကိုပြောင်းလဲနိုင်သည်။
- အစီအစဉ်ကိုမပြောင်းလဲနိုင်ပါ။

## ၄

ရေပမာဏညွှန်ပြချက်အရ

**ဆပ်ပြာမှုန့်ထည့်ပါ။**

- ရေပမာဏကိုဖော်ပြပြီးနောက်ခန့်မှန်းခြေ ၂၀ စက္ကန့်အကြာတွင်ရေပေးသွင်းမှုစတင်သည်။

## ၅

**အဖုံးကိုပိတ်ပါ။**

⇩

**အသံများမြည်၍လည်ပတ်မှုပြီးဆုံးမည်။**

**လည်ပတ်မှုပြီးဆုံးရန်နာရီများကိုချိန်ညှိပါ။(စာမျက်နှာ.၄)**

ตั้งเวลาซักล่วงหน้า Preset

- စတင်ပြီးနောက် ၂ မိနစ်အကြာတွင် ⏲ မှလွဲ၍ညွှန်ပြချက်အားလုံးကိုပိတ်ပါ။
- တိုင်မာကိုချိန်ညှိပြီးနောက်အတည်ပြုရန် ⏲ ตั้งเวลาซักล่วงหน้า Preset ကိုနှိပ်ပါ။
- ပယ်ဖျက်ရန်(သို့)ပြောင်းလဲရန် ปิด/เปิด Off/On ကိုနှိပ်ပါ။
- အစီအစဉ်အပေါ်မူတည်၍ချိန်ညှိနိုင်သည့်နာရီများသည်ကွဲပြားသည်။

## အနံ့မွှေးအောင်လုပ်ခြင်း

အဝတ်များရနံ့မွှေးရန်နှင့်နူးညံ့စေရန်အတွက်အဝတ်ပျော့ဆေးကိုပမာဏအပြောင်းအလဲများထည့်ရာတွင်ဤအစီအစဉ်ကိုသုံးပါ။

**အနံ့မွှေးအောင်လုပ်သည့်အစီအစဉ်ကိုရွေးချယ်သည့်အခါ**

- နောက်ဆုံးအဆင့်ရေဖြင့်ထပ်မံဆေးကြောခြင်းနှင့်လည်ပတ်ခြင်းကိုခေတ္တမရပ်တန့်မီအချက်ပြအသံများမြည်လာမည်။
- အဝတ်ထည့်သည့်ကန်တွင်တိုက်ရိုက်ရေဖြင့်အရည်ဖျော်ထားသောအဝတ်ပျော့ဆေးကိုအလိုရှိသည့်ပမာဏအတိုင်းထည့်ပါ။
- အကယ်၍အဖုံးကို၁ နာရီထက်ပို၍ပိတ်ထားပါကစက်သည်ဆက်လက်လည်ပတ်မည်။
- ကလေးဘေးကင်းလုံခြုံရေးဆိုင်ရာလော့ခ်(စာမျက်နှာ.၁၀)ကိုချိန်ညှိထားသည့်အခါအနံ့မွှေးအောင်လုပ်သည့်အစီအစဉ်ကိုမရွေးချယ်နိုင်ပါ။



# အဝတ်လျှော်ခြင်းအတွက်ရွေးချယ်စရာများ




လေဖြင့်အခြောက်ခံခြင်း

"နူးညံ့သောအဝတ်အထည်များကိုလျှော်ဖွတ်ခြင်း"/"စောင်လျှော်ခြင်း"/"အလွန်အကျွံလျှော်ဖွတ်ခြင်း" ကိုရွေးရန်

## နူးညံ့သောအဝတ်များကိုလျှော်ဖွတ်ခြင်း

နူးညံ့သောအဝတ်များနှင့်ဖက်ရှင်ကျသောအဝတ်များကိုညင်သာစွာလျှော်ဖွတ်ရန်ဤအစီအစဉ်ကိုအသုံးပြုပါ။



လျှော်ရမည့်အဝတ်ပမာဏကိုညီမျှစွာထည့်ပါ။

- အလေးချိန်ပါသောအဝတ်များကိုရှေးဦးစွာထည့်၍ ၄င်းတို့ကိုအပေါ်မှဖိချပါ။
- နူးညံ့သောအတွင်းခံများအတွက်သာအဝတ်ထည့်သည့်အိတ်များကိုအသုံးပြုပါ။
- တစ်ကြိမ်တွင်လျှော်နိုင်သောပမာဏ :

| ရေအမြင့် | ဝင်ဆံ့သည့်ပမာဏ |
|---|---|
| ၅၅လီတာ | ၄.၂ကီလိုဂရမ် |
| ၅၁လီတာ | ၃.၀ကီလိုဂရမ် |
| ၄၇လီတာ | ၁.၀ကီလိုဂရမ် |

**မှတ်ချက်**

- အစွန်းချွတ်ဆေးကိုအသုံးမပြုပါနှင့်။
- အားပျော့သောဆပ်ပြာရည်ကိုသာသုံးပါ။
- လည်ပတ်မှုပြီးဆုံးပြီးနောက်အဝတ်များကိုချက်ချင်းထုတ်ပါ။ (အတွန့်အကြေဖြစ်ခြင်းနှင့်အရောင်းစွန်းထင်းခြင်းကိုကာကွယ်ရန်)

## စောင်လျှော်ခြင်း

■ ရေလျှော်ခံသောစောင်များ

- အရာဝတ္ထု : ၁၀၀ ရာခိုင်နှုန်း လူဖန်တီးထားသော ဖိုင်ဘာ အဝတ် (သို့) ၁၀၀ ရာခိုင်နှုန်းချည်ထည်။
- အလေးချိန် : ၄.၂ ကီလိုဂရမ် (သို့) နည်း၍
- စက်ဖြင့် အလျှော်ခံနိုင်သော တံဆိပ်ကပ်ထားသည့်စောင်များ

- စောင်ကို အဝတ်ထည့်သည့်အိတ်ထဲတွင် ထည့်၍ အိတ်ကို အဝတ်ထည့်သည့်ကန်တွင် ဖိထည့်ပါ။







## အလွန်အကျွံလျှော်ခြင်း

လျှော်ဖွတ်ခြင်းနှင့်ရေထပ်မံဆေးကြောခြင်းလုပ်ငန်းစဉ်တွင်ရေအမြောက်အမြားထည့်၍ အဝတ်များကိုသေချာစွာလျှော်ဖွတ်ရန်ဤအစီအစဉ်ကိုသုံးပါ။

■ **အကြံပြုထားသောအဝတ်အမျိုးအစားများ**

- အလွန်ညစ်ပေစွန်းထင်းနေသောအဝတ်များ
- ထူသောအဝတ်များ (ဥမမာ –ဂျင်းများ)
- အရောင်ရင့်သောအဝတ်များ
- မျက်နှာသုတ်ပုဝါ
- ဂွမ်းကပ်








**သိလျှင်ကောင်းသည်** ပိုမိုထိရောက်စွာရေဖြင့်ထပ်မံဆေးကြောခြင်းအတွက်

- လျှော်ဖွတ်ရာတွင်ရေပမာဏသည်ပုံမှန်အစီအစဉ် ၂–၃ အဆင့်များထက်ပို၍သုံးသည်။
- ရေဗန်းလက်ကိုင်ကွင်းမှရေစီးဆင်းမှုသည်အဝတ်သားအတွင်းထဲသို့ရေစိမ့်ဝင်စေပြီး ဖုန်များကိုပိုမိုထိရောက်စွာဖယ်ရှားပေးနိုင်ပါသည်။
- အဝတ်များကိုသေချာစွာသန့်စင်ရန်အများဆုံးရေအမြင့်ဖြင့်ရေနှစ်ကြိမ်ထပ်မံဆေးကြောပေးသည်။

**မှတ်ချက်**

- ဆပ်ပြာရည်ကို သုံးပါ။
- ရေသတ်မှတ်မှုအဆင့်ညွှန်ပြချက်သည် ပမာဏအများဆုံးကို ပြ၍ ပြောင်းလဲ၍မရနိုင်ပါ။

## လေဖြင့်အခြောက်ခံခြင်း

အဝတ်ထည့်သည့်ကန်လည်ခြင်းမှထွက်လာသောလေများဖြင့်အဝတ်များမှရေကိုဖယ်ရှား နိုင်သည်။

■ အခြောက်ခံနိုင်သောအဝတ်များ

- အရာဝတ္ထု : လူဖန်တီးထားသောဖိုင်ဘာဖြင့်ပြုလုပ်ထားသည့်အဝတ်
- အလေးချိန် : ၂.၀ကီလိုဂရမ် (သို့) ၂.၀ကီလိုဂရမ်အောက်

၁ အဝတ်များကိုထည့်ခြင်းနှင့်အဖုံးပိတ်ခြင်းပြုလုပ်ပြီးနောက်




ပါဝါကိုဖွင့်ပါ။

၂ 


နှိပ်ပါ။

၃ 


စတင်ပါ။

**၉၀ မိနစ်ကြာပြီးနောက်အသံများမြည်၍ အခြောက်ခံခြင်းပြီးဆုံးမည်။**

မှတ်ချက်

- အဝတ်များသည်ထည့်သည့်ပမာဏ၊အဝတ်အစားအမျိုးအစား၊အပူချိန်နှင့်အဝတ်လျှော် စက်တပ်ဆင်သည့်အခြေအနေပေါ်တွင်မူတည်၍လုံလောက်စွာမခြောက်ခြင်းဖြစ်နိုင်သည်။
- ဤဖန်ရှင်အတွက်အပူပေးစက်အားအသုံးမပြုသောကြောင့်အဝတ်များသည်အေးစက်၍ မခြောက်တခြောက်ဖြစ်သည်ဟုခံစားရသည်။

## လျှော်ဖွတ်ခြင်း/ရေဖြင့်ထပ်မံဆေးကြောခြင်း/ အဝတ်များကိုပတ်ချာလည်လှည့်၍မွှေခြင်း

**ပြင်ဆင်ချက် : ရေဘုံဘိုင်ခေါင်းကိုဖွင့်ပါ။**

၁ လျှော်ရမည့်အဝတ်များကိုထည့်ပြီးနောက်




ပါဝါကိုဖွင့်ပါ။

၂ 


ရည်ရွယ်ချက်အရ **လုပ်ငန်းစဉ်ချိန်ညှိချက်များကို ပြောင်းပါ။**

- လိုအပ်သည့်အတိုင်းရေပမာဏ ကိုပြောင်းပါ။

၃ အဖုံးကိုပိတ်ပြီးနောက်




စတင်ပါ။

**အသံများမြည်ပြီးနောက် လည်ပတ်မှုပြီးဆုံးမည်။**



## အစီအစဉ်များတွင်ပါဝင်သောအရာသောအရာများ

| အစီအစဉ် | စုစုပေါင်းအချိန် (ခန့်မှန်းခြေ) | လျှော်ဖွတ်ခြင်း | ရေဖြင့်ထပ်မံဆေးကြောခြင်း ၁) | အဝတ်များလှည့်၍မွှေခြင်း |
|---|---|---|---|---|
| ပုံမှန်လျှော်ဖွတ်ခြင်း | ၅၅မိနစ် | ၁၂မိနစ် | နှစ်ကြိမ်ပြန်ဖြည့်ပါ | ၅မိနစ် |
| စွမ်းအင်ချွေတာခြင်း(ရှိန်နှုန်းမြင့်) | ၅၀မိနစ် | ၉မိနစ် | နှစ်ကြိမ်ပြန်ဖြည့်ပါ | ၅မိနစ် |
| နူးညံ့သောအဝတ်များကိုလျှော်ဖွတ်ခြင်း | ၄၀မိနစ် | ၉မိနစ် | နှစ်ကြိမ် | ၁မိနစ် |
| ကလေးများအတွက်ဂရုစိုက်ခြင်း | ၆၅မိနစ် | ၁၂မိနစ် | နှစ်ကြိမ်ပြန်ဖြည့်ပါ | ၇မိနစ် |
| အလွန်အကျွံလျှော်ဖွတ်ခြင်း | ၆၅မိနစ် | ၁၂မိနစ် | နှစ်ကြိမ် | ၅မိနစ် |
| အနံ့မွှေးအောင်လုပ်ခြင်း | ၇၅မိနစ် | ၁၂မိနစ် | နှစ်ကြိမ် | ၅မိနစ် |
| စောင်လျှော်ခြင်း | ၆၅မိနစ် | ၁၂မိနစ် | နှစ်ကြိမ်ပြန်ဖြည့်ပါ | ၃မိနစ် |
| ပါဝါဖြင့်လျှော်ဖွတ်ခြင်း+ရေစိမ်ခြင်း | ၁၁၅မိနစ် ၂) | (ရေ၆၀မိနစ်စိမ်)+၁၂မိနစ် ၃) | နှစ်ကြိမ်ပြန်ဖြည့်ပါ | ၅မိနစ် |
| အဝတ်ထည့်သည့်ကန် သန့်ရှင်းခြင်း | ၁၄၅မိနစ် ၂) | (ရေ၆၀မိနစ်စိမ်)+၁၂မိနစ် ၃) | နှစ်ကြိမ်ပြန်ဖြည့်ပါ | ၇မိနစ် |

မှတ်ချက်

- **စုစုပေါင်းအချိန်သည်ခန့်မှန်းခြေသာဖြစ်သည်။ (ရေထုတ်လွှတ်မှုစီးနှုန်းသည်၁မိနစ်လျှင်၁၅လီတာဖြစ်သည့်အခါ)**
- စုစုပေါင်းအချိန်သည်ရေဖိအားနည်းခြင်း၊ရေစီးဆင်းမှုအခြေအနေ မကောင်းခြင်း၊အဝတ်များ၏ပမာဏနှင့်အမျိုးအစားပေါ်မူတည်၍ တိုးနိုင်ပါသည်။

၁) ပြန်ဖြည့်ခြင်း :

ဤဖန်ရှင်သည်အဝတ်ထည့်သည့်ကန်ကိုရေဖြည့်ပေး၍ ရေပေးသွင်းနေစဉ်လျှော်ရမည့်အဝတ်များကိုရေဖြင့်ထပ် မံဆေးကြောပေးသည်။



၂) ကျန်ရှိသည့်အချိန်သည်၉၀မိနစ်(သို့)၉၀မိနစ်အောက်ကိုပြသည်။

- - → 90

၃) အချိန်ညွှန်ပြချက်သည် “၁၂”မိနစ်ကိုပြသော်လည်းရေစိမ်ခြင်းသည် ထိုအချိန်မတိုင်ခင်ပြီးဆုံးသည်။

# အလွယ်တကူအသုံးပြုနိုင်သောဖန်ရှင်များ

## ပယ်ဖျက်ခြင်းနှင့် အချက်ပေးခြင်း

၁ เริ่ม หยุดชั่วคราว ဖိထား၍

ปิด/เปิด Off / On နှိပ်ပါ။

**ထို့နောက် ၃ စက္ကန့်ကြာ နှိပ်ထားပါ။**

အသံတိုနှစ်ချက် မြည်သည်။

- ပြန်စတင်ရန် တူညီသောလုပ်ငန်းစဉ်ကို လုပ်ဆောင်ပါ။

အသံတိုလေးချက် မြည်သည်။

## ကလေးငယ်အတွက် လော့ခ်ကို ချိန်ညှိခြင်း

ကလေးများကို အဝတ်ထည့်သည့်ကန် ထဲသို့ပြုတ်ကျခြင်းနှင့် ရေနစ်ခြင်းမှ ကာကွယ်ရန် လျှော်ဖွတ်နေစဉ်နှင့် စက်အသုံးပြုနေစဉ် အဖုံးကို ဖွင့်ထားပါက ဤဖန်ရှင်သည် အဖုံးပိတ်သည့်အထိ တတီတီမြည်နေမည်။ ၁၀ စက္ကန့် အတွင်းအဖုံးကို မပိတ်ပါက ရေများ အပြင်သို့ ထွက်လာမည်။

- ဤဖန်ရှင်သည် အဖုံးနှင့် ခလုတ်အသုံးပြုမှုကို မထိန်းချုပ်နိုင်ပါ။
- ရေများသည် အရှိန်ဖြင့် စီးဆင်းသည့်အခါ "U99" ဟူ၍ ပေါ်လာမည်။ (စာမျက်နှာ ၁၅)

၁ အဖုံးကို ပိတ်ပြီးနောက်

ปิด/เปิด Off / On ပါဝါဖွင့်ပါ။

၂ ปั่นแห้งทรงพลัง Air Dry (90 min) ၅ စက္ကန့်ကြာဖိထားပါ။

အသံတိုနှစ်ချက် မြည်သည်။




- ပယ်ဖျက်ရန် တူညီသောလုပ်ငန်းစဉ်ကို လုပ်ဆောင်ပါ။

အသံတိုလေးချက် မြည်သည်။

## အဝတ်ထည့်သည့်ကန်ကို လက်ဖြင့်လှည့်ခြင်း

အကယ်၍ အဝတ်ပျော့ဆေးအရည်ထည့်သည့် အပေါက်ထဲသို့ အရည်ကို ထည့်ရခက်ပါက

၁ ปิด/เปิด Off / On ပါဝါကို ဖွင့်ပါ။

၂ ချက်ကနဲအသံကြားသည့်အခါ

**အဝတ်ထည့်သည့်ကန်။**

(နာရီလက်တံအတိုင်းသာ)



မှတ်ချက်

- အကယ်၍ အဝတ်ထည့်သည့်ကန်ထဲတွင် ရေရှိနေသည့်အခါ (သို့) "Start" ကိုနှိပ်ထားသည့်အခါ အဝတ်ထည့်သည့်ကန်ကို မလှည့်ပါနှင့်။

# ပြုပြင်ထိန်းသိမ်းခြင်း

## ချည်စ စစ်ထုတ်သည့် ကိရိယာ

### အသုံးပြုပြီးတိုင်း




၁ **စစ်ထုတ်ကိရိယာကို ဖြုတ်ပါ။**



၂ **စစ်ထုတ်ကိရိယာကို ဖွင့်၍ ချည်စများကို ဖယ်ပါ။**



- ချည်စများသည် ဖယ်ရခက်ပါက ရေတွင်စစ်ထုတ်ကိရိယာကို စိမ်၍ ဆေးကြောပါ။



၃ **စစ်ထုတ်ကိရိယာအား ၎င်း၏မူလနေရာတွင် တပ်ဆင်ပါ။**




မှတ်ချက်

- စစ်ထုတ်ကိရိယာမပါဘဲ လျှော်ရမည့် အဝတ်များကို မလျှော်ပါနှင့်။ (အဝတ်ပျက်စီးခြင်းမှ ကာကွယ်ရန်)
- အကယ်၍ စစ်ထုတ်ကိရိယာအား ဖြုတ်ရန် ခက်ခဲနေပါက အဝတ်ထည့်သည့်ကန်ကို လက်ဖြင့် လှည့်ပါ။
- အကယ်၍ စစ်ထုတ်ကိရိယာကျိုးနေပါက အနီးဆုံးတွင် ရှိသော ပန်နာဆိုးနစ်ဆားဗစ်စင်တာတွင် အသစ်တစ်ခု ဝယ်ပါ။

## ရေပေးသွင်းသည့်စစ်ထုတ်ကိရိယာ

### အကယ်၍ကောင်းမွန်စွာမစီးဆင်းပါက

- ရေဖိတ်ခြင်းမှ ကာကွယ်ရန် အောက်ပါလုပ်ငန်းစဉ်ကို လိုက်နာပါ။

၁ ရေဘုံပိုင်ခေါင်းကို ပိတ်ပြီးနောက်

ပိတ်/ဖွင့် Off/On ပါဝါကို ဖွင့်ပါ။



၂ စတင်/ခေတ္တရပ် **စတင်ပါ။**

၃ ခန့်မှန်းခြေ ၄၀ စက္ကန့်ကြာပြီးနောက်

ပိတ်/ဖွင့် Off/On **ပါဝါကို ပိတ်ပါ။**

၄ **မူလီခေါင်းကို ချောင်အောင်လှည့်၍ ရေပိုက်ကို ဖြုတ်ပါ။**



၅ **စစ်ထုတ်ကိရိယာကို ဖြုတ်၍ စစ်ထုတ်ကိရိယာအပေါ်ရှိ ဖုန်များကို ဖယ်ပါ။**



ရေပေးသွင်းသည့်စစ်ထုတ်ကိရိယာ

## စက်ကိုယ်ထည်၊ အဖုံး

### အကယ်၍ဆပ်ပြာမှုန့်(သို့)ရေစေးချွတ်ဆေးဖြစ် အစွန်းအထင်းချွတ်ပါက

**နူးညံ့သောအဝတ်ဖြင့်သုတ်ပါ။**

(ကော်စေးအပိုင်းများပျက်စီးခြင်း(သို့)သတ္တုတိုက်စားခြင်းမှ ကာကွယ်ရန်)

- အလွန်စွန်းထင်းသောအဝတ်များအတွက် ပုံမှန်မီးဖိုချောင်သုံး ဆပ်ပြာမှုန့်ဖြင့်သုတ်ပါ။
- ရေမဖျန်းပါနှင့်။

## အဝတ်ထည့်သည့်ကန်

### တစ်ပတ်တစ်ကြိမ် ( လေဖြင့်အခြောက်ခံခြင်း )

၁ လည်ပတ်မှုပြီးဆုံးသည့်နောက်

**လျှော်ရမည့်အဝတ်များကို မထည့်ဘဲ လေဖြင့်အခြောက်ခံသည့် အစီအစဉ်ကို စတင်ပါ။(စာမျက်နှာ–၉)**

### တစ်လတစ်ကြိမ် ( အဝတ်ထည့်သည့်ကန် သန့်ရှင်းခြင်း )

ပြင်ဆင်ချက် ： ရေဘုံပိုင်ခေါင်းကို ဖွင့်ပါ။

၁ လျှော်ရမည့်အဝတ်များကို မထည့်ဘဲ

ပိတ်/ဖွင့် Off/On ပါဝါကို ဖွင့်ပါ။

၂ ပရိုဂရမ် Program **အဝတ်ထည့်သည့်ကန် သန့်ရှင်းသည့်အစီအစဉ်ကို ရွေးချယ်ပါ။**




၃ စတင်/ခေတ္တရပ် **စတင်ပါ။**

စတင်/ခေတ္တရပ် အဝတ်ထည့်သည့်ကန်ကို ရေဖြည့်သည့်အခါတွင် **ခေတ္တရပ်ထားပါ။**

၄ **အစွန်းချွတ်ဆေးကို အဝတ်ထည့်သည့်ကန်ထဲတွင်ထည့်ပါ။**

- အဝတ်များအတွက် ကလိုရင်း အစွန်းချွတ်ဆေးကို အသုံးပြုပါ။



ခန့်မှန်းခြေ ၂၀၀ မီလီလီတာ

၅ အဖုံးကို ပိတ်ပြီးနောက်

စတင်/ခေတ္တရပ် **စတင်ပါ။**

**ခန့်မှန်းခြေ ၂ နာရီခွဲကြာပြီးနောက် အဝတ်ထည့်သည့်ကန်သန့်ရှင်းခြင်း ပြီးဆုံးမည်။**

# စက်တပ်ဆင်ခြင်း

## ၁. နေရာကိုစစ်ဆေးပါ။

■ စက်တပ်ဆင်ခြင်းအတွက် အောက်ပါနေရာများကို ရှောင်ပါ။

- အေးခဲနိုင်သောနေရာများ။
- စိုစွတ်သော နေရာများ (သို့) မိုးရေထိတွေ့နိုင်သော နေရာများ။
(လျှပ်စစ်ရှော့ခ် (သို့) မီးလောင်ခြင်းကို ကာကွယ်ရန်။
- မညီညာသော (သို့) မခိုင်ခံ့သောနေရာများ။
(သစ်သားတုံးများ၊ ပျဉ်များ၊ ဘီးပါသောစားပွဲအစရှိသဖြင့်)




## ၂. အောက်ခံအဖုံးကိုတပ်ပါ။

**၁ လမ်းညွှန်အတိုင်းအောက်ခံအဖုံးကိုထိုးထည့်ပါ။**



**၂ မူလီနှစ်ခုကိုကျပ်ပါ။**




## ၃. ပြင်ပရေဆင်းသည့်ပိုက်ကိုတပ်ဆင်ပါ။

**၁ ချိတ်ဆက်ပါ။**



အဃ်လိပ်ပုံသဏ္ဍာန်ရှိပိုက်ဆက်ကိုအပေါ်ဘက်သို့ဦး တည်၍မထားပါနှင့်။



တစ်လျှောက်လုံးထိုးထည့်ပါ။

**၂ ပိုက်စည်းသည့်ကြိုးကိုမြှား၏ လားရာအတိုင်းတွန်းထည့်ပါ။**

- အဆုံးရောက်သည်အထိ တစ်လျှောက်လုံးတွန်း ထည့်ပါ။



ပိုက်စည်းသည့်ကြိုး

**မှတ်ချက်**

- ရေအောက်တွင် ရေပိုက်၏ ထိပ်ကို မထည့်ပါနှင့်။



- ရေပိုက်ကို ကြမ်းပြင်မှ ၁၀ စင်တီမီတာ ထက်မြင့် သောနေရာတွင် မထားပါနှင့်။




- ရေပိုက်၏စုစုပေါင်းအရှည်ကို ၃ စင်တီမီတာထက် ပို၍ မဆွဲဆန့်ပါနှင့်။



■ စက်တပ်ဆင်ရန်အတွက် ဝန်ဆောင်မှုပေးသူနှင့်စုံစမ်းမေးမြန်းပါ။ ကိုယ်တိုင်မတပ်ဆင်ပါနှင့်။

■ အကယ်၍ အဝတ်လျှော်စက်ကို တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်းနှင့် စစ်ဆေးခြင်းအား ဤတပ်ဆင်ခြင်းနည်းလမ်းအတိုင်း မလိုက်နာပါက ပန်နာဆိုးနစ်မှ မတော်တဆဖြစ်မှု (သို့) ပျက်စီးမှုအတွက် တာဝန်ယူမည်မဟုတ်ပါ။

## ၄. ရေပိုက်ခေါင်းကြားဆက်ပစ္စည်းနှင့် ရေပေးသွင်းသည့်ပိုက်ကို ချိတ်ဆက်ပါ။




### ⚠ သတိပေးချက်

- မူလီခေါင်းကို တင်းကျပ်အောင်လုပ်ပါ။
- ရေပိုက်ခေါင်းကို လိမ်ခြင်း၊ ဖိခြင်း၊ ပြုပြင်မွမ်းမံခြင်း (သို့) ညှပ်ခြင်းမပြုလုပ်ပါနှင့်။

### ၁ ရေပိုက်ခေါင်းကြားဆက်ပစ္စည်းကို ရေဘုံပိုင်ခေါင်းတွင် ချိတ်ဆက်ပါ။

၁ မူလီရစ်၏ခန့်မှန်းခြေ ၄ မီလီမီတာမြင်ရသည်အထိ အစိတ်အပိုင်း (က) ကို ဘယ်ဘက်သို့လှည့်ပါ။

၂ မူလီလေးလုံးကို လျှော့ပါ။

၃ ရေဘုံပိုင်ခေါင်းတွင်တပ်၍ မူလီများကို ကျပ်ပါ။

၄ အစိတ်အပိုင်း(က)ကို ညာဘက်သို့လှည့်၍ သေချာစွာကျပ်ပါ။ (ရေယိုစိမ့်ခြင်းကို ကာကွယ်ရန်)




### ၂ ရေပေးသွင်းသည့်ပိုက်ကို ရေပိုက်ခေါင်းကြားဆက်ပစ္စည်းတွင် ချိတ်ဆက်ပါ။

လီဗာကို ဖိ၍ ရေပိုက်ကို ကြားဆက်ပစ္စည်းတွင် ထိုးထည့်၍ ကြားဆက်ပစ္စည်း၏ အနားကွပ်ပေါ်ရှိ လီဗာ၏ စက်လက်မကို ချိတ်ပါ။

### ၃ ရေပေးသွင်းသည့်ပိုက်ကို ရေပေးသွင်းသည့်အပေါက်၏မူလီတွင် ချိတ်ဆက်ပါ။

၁ အယ်လ်ပုံသဏ္ဍာန်ရှိ ပိုက်ဆက်ကို ကိုင်၍ မူလီကို ကျပ်ပါ။

၂ အယ်လ်ပုံသဏ္ဍာန်ရှိ ပိုက်ဆက်သည် ချောင်နေခြင်း ရှိမရှိ စစ်ဆေးပါ။




## ၅. ပလပ်ခေါင်းနှင့် မြေစိုက်ကြိုးကို ချိတ်ဆက်ပါ။

- မြေစိုက်ကြိုးတပ်ဆင်ရန် ဝန်ဆောင်မှုပေးသူနှင့် စုံစမ်းမေးမြန်းပါ။
- ပင်နှစ်ပင်ပါဝင်သော မီးကြိုးဖြစ်ပါက မြေစိုက်ကြိုးကို တပ်ဆင်ပါ။

## ၆. အဝတ်လျှော်စက်သည် တုန်ခါခြင်းမရှိအောင်စစ်ဆေးပါ။

■ အကယ်၍ အဝတ်လျှော်စက်သည် တုန်ခါနေပါက

၁ အနိမ့်အမြင့် လုပ်နိုင်သည့် စက်ခြေထောက်လက်ကိုင်ဘုကို ချောင်စေရန် ဘယ်ဘက်သို့ လှည့်ပါ။

၂ မတုန်ခါစေရန် အနိမ့်အမြင့် လုပ်နိုင်သည့် စက်ခြေထောက်ကို လှည့်ပါ။

၃ တင်းကျပ်အောင်လုပ်ရန် ညာဘက်သို့ လှည့်ပါ။




## ၇. စမ်းသပ်စစ်ဆေးမှုကို လုပ်ဆောင်ပါ။

- ရေယိုစိမ့်ခြင်း၊ ပုံမှန်မဟုတ်သောအသံများထွက်ခြင်း (သို့) အမှားပေါ်ခြင်း မရှိစေရန် စစ်ဆေးပါ။

# ပြဿနာဖြေရှင်းခြင်း

| | လက္ခဏာများ | စစ်ဆေးရမည့်အချက်များ |
|---|---|---|
| အချိန် | အချိန်ညွှန်ပြချက်သည် တိုးလာခြင်း(သို့) မပြောင်းလဲခြင်း | ● အချိန်ညွှန်ပြချက်သည် ခန့်မှန်းခြေဖြစ်သည်။ကျန်ရှိသည့်အချိန်သည် စက်အသုံးပြုနေစဉ် အမှန်ပြင်ဆင်၍ပြသည်။ |
| | လည်ပတ်ချိန်သည် အချိန်ညွှန်ပြချက်ထက်ပိုကြာသည်။ကြိုတင်ချိန်ညှိသည့် အချိန်နောက်တွင် လည်ပတ်မှုမရပ်ခြင်း။ | ● အကယ်၍လျှော်ရမည့် အဝတ်များသည် တစ်ခြမ်းတည်းတွင်ရှိနေသည့်အခါ (သို့) ရေပေးသွင်းခြင်း (သို့) ရေစီးဆင်းခြင်း မကောင်းသည့်အခါ လည်ပတ်မှုသည် ပိုကြာနိုင်သည်။ (စာမျက်နှာ – ၁၅ "U ၁၁" "U ၁၄") |
| လည်ပတ်မှုစတင်ခြင်း | လည်ပတ်မှုမရှိခြင်း | ● လျှပ်စစ်ပြတ်တောက်နေပါသလား။<br>● အဖုံးကို သေချာစွာ ပိတ်ထားပါသလား။<br>● ပါဝါဖျူးစ်ပြတ်ခြင်း(သို့) ဘရိတ်ကာပွင့်ခြင်း ဖြစ်ပါသလား။<br>● ပလပ်ခေါင်းကို ထိုးထည့်ထားပါသလား။<br>● ရေဘုံပိုင်ခေါင်းကို ပိတ်ထားပါသလား။<br>● "Start" ကိုနှိပ်ခဲ့ပါသလား။<br>● တိုင်မာကို ကြိုတင်ချိန်ညှိထားပါသလား။ |
| | လုပ်ငန်းစဉ်ချိန်ညှိချက်များကိုမပြောင်းလဲနိုင်ခြင်း (စတင်ပြီးနောက်) | ● လုပ်ငန်းစဉ်ချိန်ညှိချက်များကိုလျှော်ဖွပ်သည့်လုပ်ငန်းစဉ်အတွင်း "Pause" ခလုတ်ကိုနှိပ်ခြင်းဖြင့်ပြောင်းလဲနိုင်သည်။လျှော်ဖွပ်သည့်လုပ်ငန်းစဉ်ပြီးဆုံးသည့်နောက်တွင်အစီအစဉ်(သို့) ချိန်ညှိချက်များကိုပြောင်းလဲရန် ပါဝါကိုပိတ်၍နောက်တစ်ကြိမ် ပြန်ဖွင့်ပါ။ |
| ရေပေးသွင်းခြင်း | ရေပေးသွင်းမှုမရှိခြင်း | ● ရေဘုံပိုင်ခေါင်းကို ဖွင့်ထားပါသလား။<br>● ရေအားပြတ်တောက်သွားပါသလား။<br>● ရေသွင်းသည့်စစ်ထုတ်ကိရိယာတွင် ဖုန်များဖြင့်ပိတ်နေပါသလား။ (စာမျက်နှာ ၁၁) |
| | လျှော်ဖွပ်သည့်လုပ်ငန်းစဉ် တစ်ဝက်တွင် ရေပေးသွင်းခြင်း | ● အကယ်၍ ရေသတ်မှတ်မှုအဆင့်သည် ကျနေပါက ရေကို အလိုအလျောက် ထပ်ထည့်ပေးသည်။<br>● လျှော်ရမည့်အဝတ်ပမာဏ များပါက ရေကို အကြိမ်ပေါင်းများစွာ အလိုအလျောက်ထပ်ထည့်ပေးသည်။ |
| ချိန်ခွင်လျှာမညီမျှခြင်း / ရေဖြင့်ထပ်မံဆေးကြောခြင်း | ရေအမြင့်သည် လျှော်ရမည့်အဝတ်ပမာဏ အတွက်အလွန်မြင့်ခြင်း | ● အကယ်၍ စက်မလည်ပတ်မီ လျှော်ရမည့် အဝတ်ရေစိုနေခြင်း (သို့) အဝတ်ထည့်သည့်ကန်ထဲတွင် ရေရှိနေခြင်း ဖြစ်ပါက ရေအမြင့်သည် မြင့်နိုင်သည်။ |
| | ရေအမြင့်သည် လျှော်ရမည့်အဝတ်ပမာဏ အတွက်အလွန်နိမ့်ခြင်း | ● အလေးချိန်ပေါ့သောအဝတ်များ (လူမှန်တီးသော ဖိုင်ဘာနှင့် ပြုလုပ်ထားသည့်အဝတ်) အတွက် ရေအမြင့်သည် နိမ့်နိုင်သည်။ |
| | ရေဖြင့်ထပ်မံဆေးကြောခြင်းဖြင့် စတင်လည်ပတ်သော်လည်း ရေမထွက်လာပါ။ | ● အကယ်၍ အဝတ်ထည့်သည့်ကန်တွင် ရေမရှိပါက စက်လည်ပတ်ပြီးနောက် ရေဖြည့်ပေးသည်။<br>● အကယ်၍ အဝတ်ထည့်သည့်ကန်တွင် ရေရှိပါက ရေထုတ်လွှတ်ပြီးနောက် ရေဖြည့်ပေးသည်။ |
| | စက်လည်ပတ်နေသည့်တစ်ဝက်တွင် လည်ပတ်မှုသည် ရုတ်တရက် ရေဖြင့် ထပ်မံဆေးကြောသည့် လုပ်ငန်းစဉ်သို့ ပြောင်းသွားသည်။ | ● အကယ်၍ အဝတ်များသည် အဝတ်ထည့်သည့်ကန်၏ တစ်ခြမ်းထဲတွင် ရောက်နေပါက အဝတ်လျှော်စက်သည် ရေဖြင့် ထပ်မံဆေးကြောသည့် လုပ်ငန်းစဉ်ကို စတင်ခြင်းဖြင့် မညီမျှမှုကို အလိုအလျောက် ညှိပေးသည်။ (အဝတ်များကိုညီမျှနိုင်သလောက် ညီမျှစွာထားပါ။) |
| | အဝတ်များကို လှည့်၍ မွှေနေစဉ် ပုံမှန်မဟုတ် ဘဲလည်နေခြင်း | ● အဝတ်ထည့်သည့်ကန်လည်ပတ်မှုနှုန်းအား အဝတ်များကို လှည့်၍ မွှေနေစဉ် ဆပ်ပြာအမြှုပ်ထခြင်းကို လျှော့ချရန် ချိန်ညှိပေးသည်။ |
| အခြားအရာများ | လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း/ ဘရိတ်ကာပွင့်နေခြင်း | ● စက်သည် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိသည့်အခါတွင် ရပ်သွားသည့်နေရာမှ ဆက်လက်၍ လည်ပတ်ပါမည်။ |
| | ရေအားပြတ်တောက်ခြင်း | ● ရေပေးသွင်းမှုကိုပြန်လည် ရရှိပါက ရေပေးသွင်းသည့် ပိုက်ကိုဖြုတ်၍ ရေဘုံပိုင်ခေါင်းမှ နောက်ကျိသော ရေများကို ထုတ်လွှတ်ပြီးနောက် အဝတ်လျှော်စက်ကို စတင်စေသည်။ |
| | အနံ့မွှေးအောင်လုပ်သည့်အစီအစဉ်ကို မရွေးချယ်နိုင်ခြင်း | ● အကယ်၍ ကလေးလုံခြုံမှုလော့ခ် (စာမျက်နှာ ၁၀) ကို ချိန်ညှိပါက အနံ့မွှေးအောင်လုပ်သည့် အစီအစဉ်ကို မရွေးချယ်နိုင်ပါ။ |

# အမှားဖော်ပြချက်

- အချက်ပေးသံများနှင့် “U” / “H” ၊နှင့် နံပါတ်တစ်ခုအား တစ်လှည့်စီ ဖော်ပြသည်။
- အကယ်၍ကလေးဘေးကင်းလုံခြုံမှုလော့ခ် ( စာမျက်နှာ ၁၀ ) ကို ချိန်ညှိထားပါက ပယ်ဖျက်ပါ။

| အမှားဖော်ပြချက် | စစ်ဆေးရမည့်အချက်များ |
|---|---|
| U 11 | **ရေမစီးဆင်းနိုင်ပါ။**<br>**အောက်ပါ မှုမမှန်မှုများအတွက် ရေဆင်းသည့်ပိုက်ကို စစ်ဆေးပါ။**<br>● ပိုက်ကို ဖိထားပါသလား။<br>● ချည်စများဖြင့် ပိတ်နေပါသလား။<br>● ရေပိုက်ထိပ်သည် ရေအောက်တွင် မြုပ်နေပါသလား။<br>● ရေပိုက်ကို ကြမ်းပြင် အထက် ၁၀ စင်တီမီတာ ထက်ပို၍ မြှင့်ထားပါသလား။ (စာမျက်နှာ ၁၂ )<br>● ရေပိုက်၏စုစုပေါင်းအရှည်သည် ၃ မီတာထက်ပိုရှည်ပါသလား။(ရေပိုက်အပိုအပါအဝင်) (စာမျက်နှာ ၁၂)<br>အထက်ပါပြဿနာများအား ဖြေရှင်းသည့်အခါ အဖုံးကို ဖွင့်ခြင်းနှင့် ပိတ်ခြင်းဖြင့် ဆက်လက်အသုံးပြုနိုင်ပါသည်။ |
| U 12 | **အဖုံးသည် ပွင့်နေသည်။**<br>● အဝတ်လျှော်စက်ကို အဖုံးဖွင့်ထားလျက် အသုံးပြုဖူးပါသလား။<br>→ အဖုံးကို ပိတ်ထားပါ။ |
| U 13 | **စက်တွင်းမျှခြင်း (သို့) လေဖြင့်အခြောက်ခံခြင်း မဖြစ်နိုင်ပါ။**<br>● အဝတ်များကို အဝတ်ထည့်သည့်ကန်၏ တစ်ဖက်ထဲတွင် စုထားပါသလား။<br>→ အဝတ်များကို ညီညီမျှမျှခွဲ၍ အဖုံးကို ပိတ်ပါ။<br>● အဝတ်လျှော်စက်အား မညီညာသော (သို့) စောင်းနေသော မျက်နှာပြင်ပေါ်တွင် တပ်ဆင်ထားပါသလား။<br>→ အဖုံးကို ဖွင့်ခြင်းနှင့် ပိတ်ခြင်းပြုလုပ်ခြင်းဖြင့် ဆက်လက်အသုံးပြုနိုင်ပါသည်။<br> |
| U 14 | **ရေမပေးသွင်းနိုင်ပါ။**<br>● ရေဘုံပိုင်ခေါင်းဖွင့်ထားပါသလား။<br>● ရေအားပြတ်တောက်နေပါသလား။<br>● ရေပေးသွင်းသည့် စစ်ထုတ်ကိရိယာတွင် ဖုန်များဖြင့် ပိတ်ဆို့နေပါသလား။ (စာမျက်နှာ ၁၁ )<br>→ အဖုံးကို ဖွင့်ခြင်းနှင့် ပိတ်ခြင်းပြုလုပ်ခြင်းဖြင့် ဆက်လက်အသုံးပြုနိုင်ပါသည်။ |
| U 99 | **ရေသည် အားပြင်းစွာ စီးဆင်းနေသည်။**<br>● ကလေးဘေးကင်းလုံခြုံမှုလော့ခ်ကို ချိန်ညှိ၍ အဖုံးကို ၁၀ စက္ကန့် (သို့) ၁၀ စက္ကန့်ထက်ပို၍ ဖွင့်ထားသောကြောင့် အားပြင်းစွာ စီးဆင်းသည်။<br>→ မီးကြိုးကို ဖြုတ်ပြီး ၅ စက္ကန့် အကြာတွင် နောက်တစ်ကြိမ် ပြန်တပ်ပါ။ |
| H □□ | **စမ်းသပ်စစ်ဆေးရန် လိုအပ်သည်။**<br>● မီးကြိုးကို ဖြုတ်ပါ။ ထို့နောက် ဖော်ပြထားသော အမှား ( “H” နောက်မှ ဂဏန်း ၂ လုံး ) ကို ဝန်ဆောင်မှုပေးသူထံ အကြောင်းကြားပါ။ |

# အသေးစိတ်အချက်အလက်များ

| | NA-F100A2 |
|---|---|
| ရှိရမည့်ဗို့အား | ၂၂၀ဗို့ |
| ရှိရမည့်ကြိမ်နှုန်း | ၅၀ ဟတ်စ် |
| သုံးစွဲရမည့်လျှပ်စစ်ပမာဏ | ၄၀၀ ဝပ် |
| ရေပမာဏစံနှုန်း | ၇၂ လီတာ |
| အများဆုံးဝင်ဆံ့သည့်ပမာဏ | ၁၀.၀ ကီလိုဂရမ် |
| စက်၏အတိုင်းအတာပမာဏ | ၆၀၁ မီလီမီတာ (အလျား) × ၆၅၅ မီလီမီတာ (အနံ) × ၁၀၃၄ မီလီမီတာ (အမြင့်) |
| စက်၏အလေးချိန် | ၃၈ ကီလိုဂရမ် |
| ဘုံပိုင်ရေ၏ဖိအား | ၀.၀၃ မီဂါပါစကယ် |

Panasonic Appliances (Thailand) Co., Ltd.

71 Wellgrow Industrial Estate Bangna-Trad RD. Moo 5 Bangsamak,
Bangpakong Chachoengsao 24130, THAILAND